## “ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး”
ဆိုသည်မှာ မည်သူနည်း ။

ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး ဆိုသည်မှာဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း တည်ထောင်ထားသည့်လွတ်လပ်စွာဆောင်ရွက်နိုင်သော အဖွဲ့အစည်း ဖြစ်သည် ။ တရားဥပဒေအတိုင်းလိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် အာဏာနှင့်တာဝန်ဘောင်ကို ကျော်လွန်၍ လုပ်ဆောင်ခြင်း ၊ အစိုးရဝန်ထမ်းရာထူးအဆင့်တိုင်း တွင် တာဝန်လစ်ဟင်းပျက်ကွက်ခြင်း သို့မဟုတ် တရားမျှတမှုမရှိသောကြောင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပွားစေခြင်း ၊ တရားရေးရာဝန်ကြီးဌာနနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၏ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် တာဝန်လစ်ဟင်းပျက်ကွက်မှုကြောင့် တိုင်ကြားခံရသည့်ကိစ္စကို စုံစမ်းစစ်ဆေးရန် အာဏာနှင့်တာဝန်ရှိသူ ဖြစ်သည် ။ ထို့အပြင် နိုင်ငံရေးတွင် ရာထူးလက်ကိုင်ရှိသူနှင့် အစိုးရဝန်ထမ်းများ၏ ကိုယ်ကျင့်တရားစာရိတ္တနှင့်ပတ်သက်၍ကြည့်ရှုဆောင်ရွက်ခြင်း ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်မှုတွင် ရလဒ်ကို စောင့်ကြည့် အကဲဖြတ်ကာ အကြံပြု တိုက်တွန်းခြင်း ၊ အများအကျိုးကို ဆောင်ရွက်ရန်အတွက် တရားမျှတမှု မူဝါဒ ၊ မှန်မြတ်စွာ အုပ်ချုပ်မှုမူဝါဒ ၊ ကိုယ်ကျင့်တရား အကျင့်သိက္ခာရှိမှုဆိုင်ရာ မူဝါဒများကို လက်ကိုင်ထား၍ ဒုက္ခရောက်နေသော ပြည်သူလူထု၏ အခွင့်အရေးကို ကာကွယ်ပေးခြင်း နှင့် အကူအညီပေးခြင်း ၊ စသည်တို့နှင့်ပတ်သက်၍လည်း တာဝန်ရှိသည် ။




မည်သူ့ကို အားကိုးရမည်နည်း ။

ဖုန်း **1676**
နိုင်ငံတဝန်း အခမဲ့ ဆက်သွယ်နိုင်သည် ။

**ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး**
2550 ခုနှစ် ဒီဇင်ဘာလ 5 ရက် သက်တော်နှစ် 80 ပြည့်အထိမ်းအမှတ် ချလွမ်ဖရကီရပ် ရပ်ထပရာ့စာစနဖတ်ဒီ အဆောက်အဦး ၊ ၅ ထပ် ၊ အမှတ် ၁၂၀ ၊ ကျေးရွာအုပ်စုခွဲ ၃ ၊ ကျန့်ဝပ်ထနလမ်း ၊ ထွန့်စောင်ဟောင့် ရပ်ကွက် ၊ လပ်စီ မြို့နယ် ၊ ဘန်ကောက်မြို့။
ဖုန်း 0 2141 9100 , Fax 0 2143 8341
www.ombudsman.go.th

ဘာษาพม่า

# အကယ်၍ အစိုးရဝန်ထမ်းများထံမှတရားမျှတမှုမရရှိခဲ့ပါက...




ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး

ဤနေရာက စပါ ။

# တိုင်ကြား သည့်အဆင့်များ
# ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး

## 1

အကယ်၍ အစိုးရဝန်ထမ်းများထံမှ
တရားမျှတမှု မရရှိခဲ့ပါက ...

## 2

## တိုင်ကြားနိုင်သောနည်းလမ်းများ

### ဖုန်း ဆက်၍တိုင်ကြားခြင်း

2.1 ဖုန်း နံပါတ် 0 2141 9100 သို့မဟုတ် အမြန်လိုင်းဖုန်း နံပါတ် 1676 (နိုင်ငံတစ်ဝန်း အခမဲ့ ဆက်သွယ် နိုင်သည်) ။

2.2 တိုင်ကြားသူ၏ အမည် ၊ နေရပ်လိပ်စာနှင့် ဖုန်း နံပါတ်(အကယ်၍ရှိပါက) ကို ပေးပါ ။

2.3 တိုင်ကြားသူ၏အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ် ကို ပေးပါ ။






### စာတိုက်မှတဆင့်တိုင်ကြားခြင်း

တိုင်ကြားသူ၏ အမည် ၊ နေရပ်လိပ်စာ ၊ ဖုန်း နံပါတ် (သို့မဟုတ် အိမ်အနီးအနားရှိ ဆက်သွယ်နိုင်သော ဖုန်း နံပါတ်) ကိုရေးသားထား ရမည် ။ တိုင်ကြားခံရသူ၏အမည်နှင့် တိုင်ကြားရသည့် အကြောင်းအရာကို ဖော်ပြရမည် ။ (တိုင်ကြားသူ၏အမည်ကို ပိတ်ပင်ထားစေလိုပါက တစ်ခါတည်းအသိပေးပါ) ။ သက်ဆိုင်ရာရုံးသည် လျှို့ဝှက်ချက်အနေဖြင့် ကပ်ကြပ်မတ်မတ် စောင့်ထိန်း ထားပါမည် ။ တိုင်ကြားစာကို ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး ၊ စာတိုက်ပုံးအမှတ် 333 စာတိုက်ရုံး ၊ ချလွမ်ဖရကီရပ် အစိုးရဌာနရုံးပေါင်းချုပ် ၊ ဘန်ကောက်မြို့ 10215 ထံသို့ပို့ပါ ။

### အင်တာနက်မှတဆင့်တိုင်ကြားခြင်း

အင်တာနက်မှတဆင့်တိုင်ကြားခြင်း www.ombudsman.go.th တွင်တိုင်ကြားနိုင်ပါသည် ။

### ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး အဖွဲ့အုပ်စုမှတဆင့်တိုင်ကြားခြင်း

ပြည်သူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး နှင့်ဥပဒေပိုင်းဆိုင်ရာ ကူညီပံ့ပိုးရေးရုံး (Sor Kor Chor) ၊ နိုင်ငံတဝန်း ရှိပြည်နယ်အစိုးရရှေ့နေရုံး ဖုန်း နံပါတ် 1157 (နိုင်ငံတဝန်း အခမဲ့ ဆက်သွယ်နိုင်သည်) ၊ ရှေ့နေကောင်စီနှင့် နိုင်ငံတဝန်း ရှိရှေ့နေကောင်စီရုံးခွဲများ မှတဆင့် တိုင်ကြားနိုင်ပါသည် ။

### အောက်လွှတ်တော်အမတ် သို့မဟုတ် အထက်လွှတ်တော်အမတ်မှတဆင့် တိုင်ကြားခြင်း

ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး သည် လွှတ်တော်အစည်း အဝေး ကျင်းပသောကာလတွင် တာဝန် ရှိဝန်ထမ်းအား လွှတ်တော်အဆောက်အဦးသို့ စေလွှတ်၍တိုင်ကြားချက်ကို ရယူစေပါသည် ။

### ကိုယ်တိုင်သွားရောက်တိုင်ကြားခြင်း

ဝန်ထမ်းစစ်ဆေးရေး ဌာနရုံး ၊ ချလွမ်ဖရကီရပ် အစိုးရဌာနရုံးပေါင်းချုပ် ၊ ရပ်ထပရာ့စာစနဖတ်ဒီ အဆောက်အဦး ၊ ၅ ထပ် ၊ ကျန့်ဝပ်ထနလမ်း ၊ ထွန့်စောင်ဟောင့် ရပ်ကွက် ၊ လပ်စီ မြို့နယ် ၊ ဘန်ကောက်မြို့ ။

နှောင့်နှေးကြန့်ကြာခြင်းသည် တရားမျှတမှု ငြင်းပယ်ခြင်း ဖြစ်သည် ။